ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။





# လက်ရှိချန်ပီယံအီတလီတို့ အုပ်စုအဆင့်နဲ့ ကျေနပ်ခဲ့ရတဲ့

## ဆလိုဗက်ကီးယား ၃ - ၂ အီတလီ

ဗစ်တက် ၂၅၊ ၇၃ ဒီနာတယ်လီ ၈၁
ကိုပူနက် ၈၉ ကွာဂလီယာရဲယ်လာ ၉၀

အုပ်စု (F) ရဲ့ နောက်ဆုံးပွဲစဉ်တစ်ပွဲဖြစ်တဲ့ လက်ရှိချန်ပီယံအီတလီနဲ့ ဆလိုဗက်ကီးယားတို့ ယှဉ်ပြိုင်ကစားခဲ့ရာမှာ ဆလိုဗက်ကီးယားက ၃-၂ နဲ့အနိုင်ရပြီး အီတလီတို့ ပြိုင်ပွဲကနေ ထွက်ခွာခဲ့ရပါပြီ။ ဒီပွဲအနိုင်ရတဲ့ ဆလိုဗက်ကီးယားကတော့ အုပ်စုဒုတိယအဖြစ်နဲ့ ၁၆ သင်းအဆင့်ကို တက်ရောက်သွားနိုင်ခဲ့ပါတယ်။

အီတလီဟာ ဒီပွဲအနိုင်ရမှ ရှုံးထွက်အဆင့်ကို တက်ရောက်နိုင်မှာဖြစ်လို့ အနိုင်ရဖို့ကြိုးစားကစားခဲ့ပါတယ်။ ဆလိုဗက်ကီးယားကလည်း အနိုင်ရရင် နောက်တစ်ဆင့်တက်နိုင်မှာဖြစ်လို့ အီတလီတိုက်စစ်ကို အကောင်းဆုံးဟန့်တားပြီး တန်ပြန်တိုက်စစ်ဆင်ခဲ့ပါတယ်။ ၆ မိနစ်မှာ ဗစ်တက်ပေးတဲ့ဘောလုံးကနေ ဟမ်ဆစ်ကန်သွင်းပေမယ့် ဘေးထွက်သွားခဲ့ပါတယ်။ ၂၅ မိနစ်မှာတော့ ဆလိုဗက်ကီးယားအဖွင့်ဂိုးရရှိသွားခဲ့ပါတယ်။ ဒီရော့စီ လူပေးမှားပြီး ကူကာရသွားကာ မျှောထိုးပေးရာကတဆင့် ဗစ်တက်က ကန်သွင်းယူခဲ့တာဖြစ်ပါတယ်။ ပထမပိုင်းပြီးခါနီးမှာ ၃၅ ကိုက်အကွာကနေ ကူကာ အပြင်းကန်သွင်းပေမယ့် ဂိုးတိုင်ဘေးက ကပ်ထွက်သွားခဲ့လို့ ဆလိုဗက်ကီးယားတို့ နစ်နာခဲ့ရပါတယ်။ ဒုတိယပိုင်းမှာ အီတလီက ချေပဂိုးရဖို့ ကြိုးစားခဲ့ပေမယ့် ဆလိုဗက်ကီးယား နောက်တန်းကို ကျော်ဖြတ်ဖို့ ခက်ခဲစေခဲ့ပါတယ်။ မိနစ် ၆၀ မှာ ဒီနာတယ်လီ ကိုက် ၂၀ အကွာကနေ အပြင်းကန်သွင်းပေမယ့် ဆလိုဗက်ကီးယားဂိုးသမား မူချာ ကာကွယ်သွားနိုင်ခဲ့ပါတယ်။ ၆၇ မိနစ်မှာ အီတလီတို့ ချေပဂိုးရဖို့ နီးစပ်ခဲ့ပါတယ်။ ထောင့်ကန်ဘောကတဆင့် အီယာကွမ်တာကန်သွင်းတဲ့ဘောလုံးကို ဆလိုဘက်ကီးယားနောက်ခံလူ စကာတယ် ဂိုးစည်းပေါ်ကနေ ဖြတ်ထုတ်ခဲ့ရပါတယ်။ ၇၃ မိနစ်မှာ ဆလိုဗက်ကီးယား ဒုတိယဂိုးရရှိသွားခဲ့ပါတယ်။ ထောင့်ကန်ဘောကတဆင့် ဗစ်တက်က ကန်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ ၂-၀ နဲ့ ရှုံးနိမ့်နေခဲ့ပေမယ့် အီတလီတို့ စိတ်ဓာတ်မကျဘဲ ချေပဂိုးရဖို့ တင်ကစားလာလို့ အကြိတ်အနယ်ရှိလာခဲ့ပါတယ်။ ၈၁ မိနစ်မှာ ကွာဂလီယာရဲယ်လာ အပြင်းကန်သွင်းလို့ ပုတ်ထုတ်တဲ့ဘောလုံးကို ဒီနာတယ်လီက ပိတ်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ ၈၉ မိနစ်မှာ ဆလိုဗက်ကီးယား တတိယဂိုးရရှိသွားခဲ့ပါတယ်။ အီတလီနောက်ခံလူ ကန်နဗားရိုးကို ကျော်ဖြတ်ပြီး ရှေ့ထွက်လာတဲ့ဂိုးသမားမာချက်တီကို ကျော်ဖြတ်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ နာကျင်အချိန်ပိုမှာ အီတလီ ဒုတိယချေပဂိုးရရှိသွားခဲ့ပါတယ်။ ကွာဂလီယာရဲယ်လာက ဂိုးတိုင်ရဲ့ ညာဘက်အပေါ်ထောင့်ကို လှလှပပကန်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ နာကျင်အချိန်ပိုပြည့်ခါနီးမှာ အီတလီတို့ အခွင့်အရေးကောင်းတစ်ခု ရရှိခဲ့ပါတယ်။ ပီပီအနီးကပ်ကန်သွင်းပေမယ့် ဘေးထွက်သွားခဲ့ပြီး ၃-၂ နဲ့ပွဲပြီးခဲ့ပါတယ်။ ဒါကြောင့် အီတလီဟာ ၁၉၇၄ နောက်ပိုင်း အုပ်စုအဆင့်ကနေ ပထမဆုံးလှည့်ပြန်ခဲ့ရတာ ဖြစ်ပါတယ်။

| ဆလိုဗက်ကီးယား | | အီတလီ |
|---|---|---|
| ၁ | ပထမပိုင်းရလဒ် | ၀ |
| ၁၀ | ဂိုးပေါက်ကန်သွင်းမှု | ၁၄ |
| ၆ | ထောင့်ကန်ဘော | ၃ |
| ၁ | လူကျွံဘော | ၄ |
| ၄ | အဝါကတ် | ၄ |
| ၀ | အနီကတ် | ၀ |
| ၅၁ % | ဘောလုံးပိုင်ဆိုင်မှု | ၄၉ % |




## ပါရာဂွေး ၀ - ၀ နယူးဇီလန်

အုပ်စု (F) ရဲ့ နောက်ဆုံးပွဲစဉ်တစ်ပွဲဖြစ်တဲ့ အုပ်စုထိပ်ဆုံးက ပါရာဂွေးနဲ့ နှစ်ပွဲစလုံးသရေကစားထားတဲ့ နယူးဇီးလန်တို့ရဲ့ပွဲဟာ အရှုံး၊ အနိုင်မပေါ်ဘဲ ဂိုးမရှိသရေပွဲအဖြစ်နဲ့ ပွဲပြီးဆုံးသွားခဲ့ပါတယ်။ ဒါကြောင့် ပါရာဂွေးတို့ အုပ်စုပထမအဖြစ်နဲ့ ရှုံးထွက်အဆင့်ကို တက်ရောက်သွားနိုင်ခဲ့ပါတယ်။

ပါရာဂွေးဟာ အခုပွဲမှာ ဘောလုံးပိုင် ဆိုင်မှုအသာရခဲ့သလို အခွင့်အရေးတွေလည်း ရရှိခဲ့ပေမယ့် နယူးဇီလန်က ခံစစ်ကစားကွက်အကောင်းဆုံးကစားသွားခဲ့တာကြောင့် သရေတစ်မှတ်နဲ့ပဲ ကျေနပ်ခဲ့ရပါတယ်။ နယူးဇီလန်ဟာ ပါရာဂွေးဂိုးပေါက်ကို ထိရောက်တဲ့ ထိုးဖောက်မှုမျိုးမပြုလုပ်နိုင်ခဲ့ပါဘူး။ နယူးဇီလန်ဂိုးသမား ပက်စတန်ကတော့ ဒီပွဲမှာ ဂိုးမရှိသရေကျအောင် ကစားသွားနိုင်ခဲ့ပါတယ်။ ဒီပွဲဟာ နယူးဇီးလန်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ ပထမဆုံးဂိုးမပေးရတဲ့ပွဲလည်း ဖြစ်ပါတယ်။ ပထမပိုင်း ၃၄ မိနစ်မှာ ဗဲဒက်စ်အဝေးက ကန်သွင်းပေမယ့် နယူးဇီလန်ဂိုးသမား ပက်စတန်ကာကွယ်သွားနိုင်ခဲ့ပါတယ်။ တစ်ဖက်ပွဲစဉ်မှာ အီတလီက ရှုံးနိမ့်နေခဲ့တာကြောင့် ပါရာဂွေးတို့ ဂိုးရဖို့အားထည့်ကြိုးစားခြင်းသိပ်မရှိခဲ့ပါဘူး။ ဒါကြောင့် ပထမပိုင်း ကန်သွင်းခွင့်တစ်ကြိမ်ပဲ ရရှိခဲ့ပါတယ်။ ၆၁ မိနစ်မှာ ရီဗီရိုစ်ရဲ့ ခေါင်းတိုက်ချက်ကို နယူးဇီလန်ဂိုးသမားပက်စတန် ကာကွယ်သွားနိုင်ခဲ့ပါတယ်။ ၇၅ မိနစ်မှာ ဘင်နီတက်ဇ်ရဲ့ ကန်ချက်ကို ပက်စတန်ကာကွယ်သွားနိုင်ခဲ့ပါတယ်။ ၇၉ မိနစ်မှာလည်း ဖရီးကစ်ကနေ ဆန်တာခရုဇ်ရဲ့ ကန်ချက်ကို ပက်စတန်ကာကွယ်သွားနိုင်ခဲ့ပြီး ၀-၀ သရေနဲ့ပဲ ပွဲပြီးဆုံးခဲ့ပါတယ်။

**ပါရာဂွေး ၀ - ၀ နယူးဇီလန်**

- ♦ ပါရာဂွေးနဲ့ နယူးဇီလန်တို့ဟာ ၁၉၉၅ ခုနှစ်တုန်းက တစ်ကြိမ်တွေ့ဆုံခဲ့ပြီး အဲ့ဒီပွဲမှာ ပါရာဂွေးက ၃-၂ နဲ့အနိုင်ရရှိခဲ့ပါတယ်။
- ♦ ပါရာဂွေးအသင်းခေါင်းဆောင် ကာနီဇာဟာ ဒီပွဲမတိုင်ခင်အထိ ပါရာဂွေးအသင်းအတွက် ၉၉ ပွဲ ပါဝင်ကစားပေးခဲ့သူ ဖြစ်ပါတယ်။
- ♦ ပါရာဂွေးဟာ နောက်ဆုံးကစားခဲ့တဲ့ ၉ ပွဲမှာ ဂိုးမသွင်းနိုင်တဲ့ပွဲ တစ်ပွဲသာရှိခဲ့ပြီး ကျန်ပွဲတွေမှာ အနည်းဆုံး တစ်ဂိုး သွင်းယူထားနိုင်တဲ့အသင်းဖြစ်ပါတယ်။
- ♦ ပါရာဂွေးဟာ သူတို့နောက်ဆုံးကစားခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ လေးကြိမ်အနက် သုံးကြိမ်မှာ အနိမ့်ဆုံး ၁၆ သင်းအဆင့်ကို တက်ရောက်နိုင်ခဲ့ပါတယ်။
- ♦ နယူးဇီလန်ဟာ ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ ပွဲတိုင်းဂိုးပေးထားရပါတယ်။
- ♦ နယူးဇီလန်ဟာ ဒီနှစ်ကမ္ဘာ့ဖလားအုပ်စုနှစ်ပွဲအပါအဝင် သူတို့ရဲ့နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲ ၅ ပွဲမှာ ရှုံးပွဲမရှိသေးပါဘူး။ သူတို့ နောက်ဆုံး ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်ကတော့ ၂၀၀၉ ခုနှစ်က ကွန်ဖရက်ဒရေးရှင်းဖလားမှာ တောင်အာဖရိကကို ၂-၀ နဲ့ ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။ ၂

## ယနေ့ည ပွဲစဉ်များအတွက် Asian Bookie ၏ အလေးပေးမှုများ

- ♦ ဘရာဇီးက ပေါ်တီဂီကို သရေသာကစားနိုင်လျှင် ဘရာဇီး ၅၀ ရာခိုင်နှုန်း ဆုံးရှုံးမည်။ အာရှအကြိုက်မှာ ပေါ်တူဂီဖြစ်သည်။ နှစ်ဖက်သွင်းဂိုး နှစ်လုံးရှိပါက ၂၀ ရာခိုင်နှုန်း ဆုံးရှုံးမည်ဖြစ်သည်။
- ♦ အိုင်ဗရီကို့စ်က မြောက်ကိုရီးယားကို တစ်ဂိုးအသာဖြင့် အနိုင်ရပါက ၄၀ ရာခိုင်နှုန်း ဆုံးရှုံးမည်ဖြစ်သည်။ အာရှအကြိုက်မှာ အိုင်ဗရီကို့စ်ဖြစ်သည်။ နှစ်ဖက်သွင်းဂိုး သုံးလုံးရှိပါက ၇၀ ရာခိုင်နှုန်း အကျိုးအမြတ်ရမည်ဖြစ်သည်။
- ♦ စပိန်က ချီလီကို တစ်ဂိုးအသာဖြင့် အနိုင်ရပါက ၁၅ ရာခိုင်နှုန်း ဆုံးရှုံးမည်ဖြစ်သည်။ အာရှအကြိုက်မှာ စပိန် ဖြစ်သည်။ နှစ်ဖက်သွင်းဂိုး နှစ်ဂိုးရှိပါက ၁၀၀ ရာခိုင်နှုန်း ဆုံးရှုံးမည်ဖြစ်သည်။
- ♦ ဆွစ်ဇာလန်က တစ်ဂိုးအသာဖြင့် အနိုင်ရပါက ၁၀ ရာခိုင်နှုန်း ဆုံးရှုံးမည်ဖြစ်သည်။ အာရှအကြိုက်မှာ ဟွန်ဒူးရပ်စ် ဖြစ်သည်။ နှစ်ဖက်သွင်းဂိုး နှစ်ဂိုးရှိပါက ၉၀ ရာခိုင်နှုန်း ဆုံးရှုံးမည်ဖြစ်သည်။



# ဂျပန်အုပ်စုဒုတိယနဲ့ နောက်တစ်ဆင့်တက်

**ဒိန်းမတ်   ၁ - ၃   ဂျပန်**

| | |
|---|---|
| တိုမာဆင် ၈၁ | ဟွန်ဒါ ၁၇ |
| | အန်ဒို ၃၀ |
| | အိုကာဇာကီ ၈၇ |

အုပ်စု (E)ရဲ့ နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ဒိန်းမတ်နဲ့ ဂျပန်တို့ပွဲစဉ်မှာ ဂျပန်က ၃-၁ နဲ့ အနိုင်ရပြီး ၁၆သင်းအဆင့်ကို တက်ရောက်သွားနိုင်ခဲ့ပါတယ်။

နှစ်သင်းစလုံးအနိုင်ရရင်နောက်တစ်ဆင့်တက်ဖို့သေချာမှာဖြစ်လို့ အကြိတ်အနယ်ကစားခဲ့ကြပါတယ်။ ၃ မိနစ်မှာ တိုမာဆင်ပေးတဲ့ဘောလုံးကနေ ပေါဆင်ကန်ခွင့်ရပေမယ့် ဂိုးဘားတန်းပေါ်ကျော်သွားခဲ့ပါတယ်။ ၇ မိနစ်မှာ ကာလန်ဘတ်ရဲ့ထောင့်ကန်ဘောကနေ ခရိုဒရက် မြေမကျကန်သွင်းပေမယ့် ဘေးထွက်သွားခဲ့ပါတယ်။ ၁၇ မိနစ်မှာ ဂျပန်အဖွင့်ဂိုးရရှိသွားခဲ့ပါတယ်။ ၃၅ ကိုက်အကွာမှာရတဲ့ ဖရီးကစ်ကို ဟွန်ဒါက တိုက်ရိုက်ကန်သွင်းခဲ့တာ ဖြစ်ပါတယ်။ ဒိန်းမတ်တို့ ချေပဂိုးရဖို့ တိုက်စစ်မြှင့်ကစားလာပေမယ့် မိနစ် ၃၀ မှာ ဂျပန်ဒုတိယဂိုးရရှိသွားခဲ့ပါတယ်။ ကိုက်၃၀ အကွာမှာရတဲ့ဖရီးကစ်ကို အန်ဒိုက လှလှပပကန်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ပထမပိုင်းအပြီးမှာ ဂျပန်က ၂-၀ နဲ့ အနိုင်ရနေခဲ့ပါတယ်။ ဒုတိယပိုင်းမှာ ဒိန်းမတ်က ချေပဂိုးရဖို့ ကြိုးစားလာခဲ့ပေမယ့် ခံစစ်ကစားပုံကောင်းတဲ့ ဂျပန်ကို ထိုးဖောက်နိုင်ခြင်းမရှိခဲ့ပါဘူး။ ပွဲချိန် ၈၁ မိနစ်မှာ ဒိန်းမတ်တို့ပင်နယ်တီရရှိခဲ့ပါတယ်။ အဂ္ဂါကို ဂျပန်ကွင်းလယ်လူ ဟာစီဘီရေိယာထဲမှာ တွန်းခဲ့တာ ဖြစ်ပါတယ်။ ဒီပင်နယ်တီကို တိုမာဆင်ကန်သွင်းရာ ဂိုးသမားပုတ်ထုတ်ခဲ့ပေမယ့် တိုမာဆင်ကပဲ ပြန်ပိတ်သွင်းခဲ့လို့ ဒိန်းမတ်ချေပဂိုးရခဲ့ပေမယ့် ၈၇ မှာ လူစားဝင်လာတဲ့ အိုကာဇာကီက ပိတ်သွင်းခဲ့လို့ ဂျပန်တတိယဂိုးရပြီး ဂျပန်မြေပြင်ပမှာ ပထမ ဆုံးရှုံးထွက်အဆင့်ကို တက်ရောက်နိုင်ခဲ့ပါတယ်။



# အုပ်စုသုံးပွဲစလုံး အနိုင်ကစားခဲ့တဲ့ ဟော်လန်

**ကင်မရွန်း   ၁ - ၂   ဟော်လန်**

| | |
|---|---|
| အီတူး ၆၅ (ပင်) | ဗန်ပါစီ ၃၅ |
| | ဟန်တဲလား ၈၃ |

ပြီးခဲ့တဲ့နှစ်ပွဲစလုံးအနိုင်ရထားတဲ့ ဟော်လန်ဟာ အခုပွဲမှာလည်း ပြိုင်ပွဲကထွက်သွားရပြီဖြစ်တဲ့ ကင်မရွန်းကို အနိုင်ကစားပြီး ရှုံးထွက်အဆင့်ကို တက်ရောက်သွားခဲ့ပါတယ်။

ဒီပွဲမှာ ဟော်လန်တို့ တိုက်စစ်ဖွင့်မကစားဘဲ သက်တောင့်သက်သာကစားသွားခဲ့ပါတယ်။ ၁၈မိနစ်မှာ ဗန်ဘရွန်ခရော့စ်ရဲ့ ပေးပို့မှုကနေ ဗန်ပါစီ ရေိယာထိပ်ကနေ ကန်သွင်းပေမယ့် ကင်မရွန်းဂိုးသမား ကာကွယ်သွားနိုင်ခဲ့ပါတယ်။ ၃၃ မိနစ်မှာ ကူရစ်ရေိယာထဲဆွဲဝင်လာပြီး ကန်သွင်းပေမယ့် ကန်ချက်ဘေးထွက်သွားခဲ့ပါတယ်။ ၃၅ မိနစ်မှာ ဟော်လန်အဖွင့်ဂိုးရရှိသွားခဲ့ပါတယ်။ ဗန်ပါစီ ရေိယာထဲဆွဲဝင်လာပြီး ဗန်ဒါဗတ်နဲ့ အပေးအယူလုပ်ကာ အပြင်းကန်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ပထမပိုင်းအပြီးမှာ ဟော်လန်က ၁-၀ နဲ့ အနိုင်ရနေခဲ့ပါတယ်။ မိနစ် ၅၀မှာ ဗန်ပါစီကန်သွင်းဖို့ကြိုးစားပေမယ့် ကင်မရွန်းဂိုးသမား ကာကွယ်သွားနိုင်ခဲ့ပါတယ်။ ကင်မရွန်းကတော့ တစ်ချက်တစ်ချက်မှာ ပြန်လည်ထိုးဖောက်နိုင်ခဲ့ပါတယ်။ ၆၅ မိနစ်မှာ ဗန်ဒါဗတ် ရေိယာထဲမှာ လက်နဲ့ထိခဲ့တာကြောင့် ကင်မရွန်း ပင်နယ်တီရရှိခဲ့ပါတယ်။ အဲ့ဒီပင်နယ်တီကို အီတူးကန်သွင်းယူခဲ့လို့ ကင်မရွန်းချေပဂိုးရခဲ့ပါတယ်။ ဟော်လန်အတွက်အနိုင်ဂိုးကိုတော့ လူစားဝင်လာတဲ့ ရော်ဘင်ရဲ့ ကန်ချက်တိုင်ထိထွက်လာတာကို ဟန်တဲလားပိတ်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ ဟော်လန်ဟာ အုပ်စု (F) က ဒုတိယရတဲ့ ဆလိုဗက်ကီးယားနဲ့ တွေ့ဆုံရမှာဖြစ်ပြီး ဂျပန်ကတော့ အုပ်စု (F) ပထမ ပါရာဂွေးနဲ့ ၁၆ သင်းရှုံးထွက်အဆင့်မှာ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

# ယနေ့ပွဲစဉ်များ၏ ဖြစ်နိုင်ဖွယ်လူစာရင်းများ

## ပေါ်တူဂီ - ဘရာဇီး ဖြစ်နိုင်ဖွယ်လူစာရင်း

**ပေါ်တူဂီ - (၄-၅-၁)** ♦ (ဂိုး)အီဒူရာဒို၊ (နောက်တန်း)မီဂွယ်၊ ကာပယ်ဟို၊ အဲလ်ဗက်ဇ်၊ ကိုအင်ထရာယို၊ (အလယ်တန်း) ပီဒရိုမန်ဒက်စ်၊ သီယာဂို၊ မီယာလက်စ်၊ ရော်နယ်ဒို၊ အယ်လ်မဲဒါး၊ (ရှေ့တန်း) စီမာအို။

**ဘရာဇီး - (၄-၄-၂)** ♦ (ဂိုး)ဂျူလီယိုဆီဇာ၊ (နောက်တန်း)မိုင်ကွန်၊ လူစီယို၊ ဂျူအန်၊ ဘက်စတို၊ (အလယ်တန်း)ဂီဘာတိုဆေးလ်ဗာ၊ မီလို၊ ဘာတစ္စတာ၊ နီမာ၊ (ရှေ့တန်း)ရော်ဘင်ဟို၊ ဖေဘီယာနို။

## မြောက်ကိုရီးယား - အိုင်ဗရီကို့စ် ဖြစ်နိုင်ဖွယ်လူစာရင်း

**မြောက်ကိုရီးယား - (၅-၃-၂)** ♦ (ဂိုး)မြောင်ဂွတ်၊ (နောက်တန်း)ဂျောင်ဟွတ်၊ ချဲဂျင်၊ ဂွန်အီး၊ ကွမ်ချွန်၊ ယွန်နမ်၊ (အလယ်တန်း)အင်ဂွတ်၊ ယောင်ဟတ်၊ နမ်ချဲ၊ (ရှေ့တန်း)ယောင်ဂျို၊ တေးစီ။

**အိုင်ဗရီကို့စ် - (၄-၃-၃)** ♦ (ဂိုး)ဘယ်ရီ၊ (နောက်တန်း)ဒီမဲ၊ တိုရေး၊ ဇိုကိုရာ၊ သီယန်း၊ (အလယ်တန်း)ယာယာတိုရေး၊ အီဘိုရေး၊ တီးအော့၊ (ရှေ့တန်း)ဂျာဗင်ဟို၊ ဒရော့ဘာ၊ ကာလူး

## ဆွစ်ဇာလန် - ဟွန်ဒူးရပ်စ် ဖြစ်နိုင်ဖွယ်လူစာရင်း

**ဆွစ်ဇာလန် - (၄-၄-၂)** ♦ (ဂိုး)ဘီနာဂလီယို၊ (နောက်တန်း)လင့်ချ်စတိန်နာ၊ ဂရင့်စ်စတင်း၊ ဗွန်ဘာဂျင်၊ ဇီဂလာ၊ (အလယ်တန်း)ဘာနက်တာ၊ အယ်လ်လာ၊ ဟက်ဂဲ၊ ဖာနန်ဒက်စ်၊ (ရှေ့တန်း)ဖရိုင်း၊ အန်ကူဖို၊

**ဟွန်ဒူးရပ်စ် - (၄-၄-၂)** ♦ (ဂိုး)ဘယ်လာဒါရက်စ်၊ (နောက်တန်း)မင်ဒိုဆာ၊ ချာဗက်ဇ်၊ ဖီဂူရိုအာ၊ အီဇာဂွီရာ၊ (အလယ်တန်း) အယ်လ်ဗာရက်၊ ပါလေစီယို၊ ဂွေဘားရား၊ အက်စ်ပိုင်နိုဆာ၊ (ရှေ့တန်း)ပါဗွန်၊ ဆွာဇို

## ချီလီ - စပိန် ဖြစ်နိုင်ဖွယ်လူစာရင်း

**ချီလီ - (၃-၄-၃)** ♦ (ဂိုး)ဘရာဘို၊ (နောက်တန်း)မီဒယ်၊ ပိုစီ၊ ဂျာရာ၊ (အလယ်တန်း)အီစလာ၊ မီလာ၊ ဘယ်တီဘီယာ၊ အဘီဒယ်လ်၊ (ရှေ့တန်း) ဆန်းချက်၊ ဆွာဇို၊ ဘိုစီဂျာ

**စပိန် - (၄-၄-၂)** ♦ (ဂိုး)ကာဆီးလက်၊ (နောက်တန်း)ရာမို့စ်၊ ပီကေး၊ ပူယိုလ်၊ ကက်ဒီဘီလာ၊ (အလယ်တန်း)အလွန်ဆို၊ ဘက်စကက်၊ ဇာဗီ၊ အင်နီယေစတာ၊ (ရှေ့တန်း)ဗီလာ၊ တောရက်စ်

# ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းများ ရပ်တည်မှု

**အုပ်စု (E)**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁။ | ဟော်လန် | ၃ | ၃ | ၀ | ၀ | ၅ | ၁ | ၄ | ၉ |
| ၂။ | ဂျပန် | ၃ | ၂ | ၀ | ၁ | ၄ | ၂ | ၂ | ၆ |
| ၃။ | ဒိန်းမတ် | ၃ | ၁ | ၀ | ၂ | ၃ | ၆ | -၃ | ၃ |
| ၄။ | ကင်မရွန်း | ၃ | ၀ | ၀ | ၃ | ၂ | ၅ | -၃ | ၀ |

**အုပ်စု (F)**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁။ | ပါရာဂွေး | ၃ | ၁ | ၂ | ၀ | ၃ | ၁ | ၂ | ၅ |
| ၂။ | ဆလိုဗက်ကီးယား | ၃ | ၁ | ၁ | ၁ | ၄ | ၅ | -၁ | ၄ |
| ၃။ | နယူးဇီလန် | ၃ | ၀ | ၃ | ၀ | ၂ | ၂ | ၀ | ၃ |
| ၄။ | အီတလီ | ၃ | ၀ | ၂ | ၁ | ၄ | ၅ | -၁ | ၂ |

# ကမ္ဘာကျော်ဝက်ဘ်ဆိုက်များ၏ ခန့်မှန်းချက်များ

| ကစားမည့်ပွဲ | ESPN | | Goal | | Telegraph | | BBC | |
|---|---|---|---|---|---|---|---|---|
| ပေါ်တူဂီ Vs ဘရာဇီး | ဘရာဇီး | ဂိုးများ | ဘရာဇီး | ဂိုးများ | ဘရာဇီး | ဂိုးနည်း | ဘရာဇီး | ဂိုးနည်း |
| မြောက်ကိုရီးယား Vs အိုင်ဗရီကို့စ် | အိုင်ဗရီကို့စ် | ဂိုးများ | အိုင်ဗရီကို့စ် | ဂိုးများ | အိုင်ဗရီကို့စ် | ဂိုးများ | အိုင်ဗရီကို့စ် | ဂိုးများ |
| ဆွစ်ဇာလန် Vs ဟွန်ဒူးရပ်စ် | ဆွစ်ဇာလန် | ဂိုးနည်း | ဆွစ်ဇာလန် | ဂိုးနည်း | ဆွစ်ဇာလန် | ဂိုးနည်း | ဆွစ်ဇာလန် | ဂိုးများ |
| ချီလီ Vs စပိန် | စပိန် | ဂိုးနည်း | စပိန် | ဂိုးများ | စပိန် | ဂိုးများ | စပိန် | ဂိုးနည်း |

Inforithm-Maze Innovating for eFuture
7DAY SPORTS journal

**Publisher** - ဒေါ်စုစုစိုးညွန့်(ယာယီ-၁၁၉၀) **Editor In Charge** - နေလင်းအောင် **Senior Editors** - ဘုန်းနိုင်ကိုကို၊ ထူးပြည့်ဝင်း
**Editor Members** - အောင်စန်းမိုး(Statistics)၊ ကျော်ကိုကို(Local)၊ ကျော်ရဲဖိုလ်(News)၊ **Correspondent**- မင်းကိုဇင်၊ **Local Photo** - အောင်အောင်
**Designers** - နန္ဒ၊ နေမျိုး **D.T.P** - တိုးဝင်းနိုင်၊ ယဉ်ယဉ်ထွေး၊ နွေးနွေးမွေး
**Public Relation** - ထွန်းမြင့်ဦး၊ ထွန်းသူရစိုး၊ သက်ဇင်စိုး **Printing** - ပြေအေး **Film** - Eagle Colour Separation
*7Day Sports ရုံးချုပ်* - လပြည့်ဝန်းပလာဇာ (၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။
*ဖုန်း* - ၂၄၃၅၄၂၊ ၃၇၀၀၇၆၊ *လိုင်းခွဲ* - ၀၁၉ *Fax:* ၂၄၃၅၄၂ e-mail: orbit@myanmar.com.mm